# ကိုရီးယားနိုင်ငံဆိုင်ရာအချက်အလက်များ

**ပထဝီဝင်အနေအထား**

၁။ ကိုရီးယားကျွန်းဆွယ်သည် အာရှ၏အရှေ့မြောက်ဘက်မှ တောင်ဘက်သို့ ထိုးထွက်သွားပြီး မြောက်လတ္တီကျု ၃၃ ဒီဂရီနှင့် ၄၃ ဒီဂရီကြား၊ အရှေ့လောင်ဂျီကျု ၁၂၄ ဒီဂရီ နှင့် ၁၃၂ ဒီဂရီ ကြားတွင်တည်ရှိသည်။ ကျွန်းဆွယ်၏ စံတော်ချိန်မျဉ်းသည် ၁၃၅ ဒီဂရီ ဖြစ်ပြီး ဂရင်းနစ်စံချိန်မျဉ်းသည် (GMT) ထက် ၉နာရီ စောသည်။ Amnokkang မြစ်နှင့် Tuman-gang မြစ်တို့သည် မြောက်ဘက်တွင် တရုတ်နိုင်ငံ၊ ရုရှားနိုင်ငံတို့နှင့် နယ်နိမိတ်ချင်းထိစပ်နေပါသည်။ ဂျပန်နိုင်ငံသည် အရှေ့ပင်လယ်၏ တစ်ဖက်ကမ်းတွင် ကိုးရီးယားနှင့် မျက်နှာချင်းဆိုင် ရပ်တည်လျက်ရှိပါသည်။ ၁၉၄၅ ခုနှစ်ကတည်းက ဖြစ်ပွားခဲ့သော စစ်အေးတိုက်ပွဲ၏အကျိုးရလဒ်အဖြစ် ကျွန်းဆွယ်၏မြောက်လတ္တီကျု ၃၈ ဒီဂရီတွင် ကိုရီးယားသမ္မတနိုင်ငံ (တောင်ကိုရီးယား) နှင့် ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ (မြောက်ကိုရီးယား) တို့အတွက် နယ်နိမိတ်ပိုင်းခြားသတ်မှတ်ခဲ့ပါသည်။




တောင်ကိုရီးယားနိုင်ငံမြေပုံ

## ဧရိယာအကျယ်အဝန်းနှင့် မြေမျက်နှာသွင်ပြင်

၂။ ကျွန်းဆွယ်၏ စုစုပေါင်းဧရိယာမှာ ၂၂၁,၆၀၇ စတုရန်းကီလိုမီတာ ကျယ်ဝန်းပြီး အင်္ဂလန်နိုင်ငံ၊ နယူးဇီလန်နိုင်ငံ (သို့မဟုတ်) ရိုမေးနီးယားနိုင်ငံတို့၏ အရွယ်အစားနှင့်တူညီပါသည်။ တောင်ကိုရီးယားသည် ကျွန်းဆွယ်စုစုပေါင်းဧရိယာ၏ ၄၅ ရာခိုင်နှုန်း (၉၉,၂၃၇ ကီလိုမီတာ) ကို ပိုင်ဆိုင်ပြီး မြောက်ကိုရီးယားသည် ကျန်ရှိသောဧရိယာ ၅၅ ရာခိုင်နှုန်း(၁၂၂,၃၇၀ ကီလိုမီတာ) ကို ပိုင်ဆိုင်သည်။ ကုန်းမြေ၏ ၇၀ ရာခိုင်နှုန်းမှာ တောင်ကုန်းတောင်တန်းများဖြစ်ပြီး မြောက်ဘက်နှင့်အရှေ့ဘက်တွင် ပိုမိုထူထပ်သည်။ တောင်ဘက်နှင့် အနောက်ဘက်ကမ်းရိုးတန်းတစ်လျှောက်ရှိ တောင်များသည်ကျယ်ပြန့်သောကမ်းခြေဒေသများဆီသို့ ဆင်းသက်သွားသည်။ မြစ်အများစု၏ မြစ်လက်တက်များသည် မြောက်ဘက်နှင့်အရှေ့ဘက်တွင်ရှိပြီး ပင်လယ်ဝါနှင့် တောင်ပင်လယ်အတွင်းသို့ စီးဝင်သည်။ တောင်ဘက်ကမ်းရိုးတန်းတွင် အရွယ်အစားစုံလင်သော ကျွန်းပေါင်း ၃၀၀၀ ကျော်ရှိပြီး ကမ္ဘာပေါ်တွင် မယှဉ်နိုင်သောရှုခင်းမျိုးကို ပိုင်ဆိုင်ထားပါသည်။ ပြည်သူအများစုမှာ ထိုတောင်တန်းနှင့် တောင်ခြေများတွင် အပန်းဖြေခရီးသွားခြင်းနှင့် အပျော်တမ်းတောင်တက်ခရီးစဉ် ပြုလုပ်လေ့ရှိပါသည်။ ကမ်းရိုးတန်းတွင် ချိုင့်များစွာရှိပြီး ကိုရီးယားနိုင်ငံမှာ ဒီရေအနိမ့်အမြင့် အများဆုံးနိုင်ငံများတွင် တစ်နိုင်ငံဖြစ်ပါသည်။ အရှေ့ဘက်ကမ်းရိုးတန်းတွင် သဲသောင်ကမ်းခြေများစွာရှိပြီး အနောက်ဘက်ကမ်းရိုးတန်းတွင်မူ ရွံ့နွံကမ်းရိုးတန်းနှင့် ကျောက်ဆောင်ထူထပ်သော ကမ်းရိုးတန်းများ ပိုမိုများပြားပါသည်။

## လူဦးရေနှင့် လူမျိုး

၃။ အာရှနွယ်ဖွား ပြည်သူများစွာကဲ့သို့ပင် ကိုရီးယားလူမျိုးတို့သည် မွန်ဂို၊ တွန်ဂွဒ်မျိုးနွယ်မှဆင်းသက်လာသည့် လူမျိုးဖြစ်ပါသည်။ သို့သော် ဂျပန်နှင့် တရုတ်လူမျိုးများနှင့် မတူဘဲ သီးခြားလူမျိုးနွယ်စုတစ်စုဖြစ်ပါသည်။ ကိုရီးယားလူမျိုးတို့သည် ရက်ရောခြင်း၊ ခင်မင်နွေးထွေးစွာနေတတ်ခြင်း၊ သနားကြင်နာတတ်ခြင်း စသည့် အရည်အသွေးများရှိပြီး ကမ္ဘာပေါ်တွင် အလုပ်လုပ်ဖွဲ့အကြီးမားဆုံးသော လူမျိုးတစ်မျိုးအဖြစ် ထင်ရှားကျော်ကြားပါသည်။ သမိုင်းတစ်လျှောက်၌ တရုတ်နှင့်ဂျပန်လက်အောက်သို့ ကျရောက်ခဲ့သည့် ကာလများရှိခဲ့သည့်အတွက် လူဦးရေအတွင်း၌ တရုတ်နှင့် ကိုရီးယားသွေးရောနှောမှု အနည်းငယ်ရှိလာခဲ့ပါသည်။ အခြားသောယဉ်ကျေးမှုများ၊ အထူးသဖြင့် တရုတ်နှင့်ဂျပန်ယဉ်ကျေးမှုတို့မှ ယဉ်ကျေးမှုဆိုင်ရာ အချက်အလက်အချို့ ကူးယူခဲ့ခြင်းရှိသော်လည်း ကိုရီးယားလူမျိုးတို့သည် ယင်းတို့၏သီးခြားယဉ်ကျေးမှု၊ ဘာသာစကားနှင့် ဓလေ့ထုံးတမ်းများကို ထိန်းသိမ်းနိုင်ခဲ့ပါသည်။ မိသားစုကိုအခြေခံသည့် လူ့ဘောင်အဖွဲ့အစည်းတစ်ရပ်ဖြစ်ပြီး ကွန်ဖူးရှပ်ဒဿနအယူဝါဒပေါ်တွင် များစွာအခြေခံထားသော ယဉ်ကျေးမှုတစ်ရပ်ဖြစ်ပါသည်။ ယနေ့

ခေတ်၏ တိုးတက်မှုများကြား၌ပင် ရိုးရာမိသားစုအခြေခံယဉ်ကျေးမှုကို ထိန်းသိမ်းနိုင်ပါသေးသည်။

**လူဦးရေ ၄၉,၀၃၉,၉၈၆ (၂၀၁၄ခုနှစ်၊ ဇူလိုင်လအထိ စစ်တမ်းများအရ)**
**အသက်အရွယ်အပိုင်းအခြား**

| | |
|---|---|
| ၀-၁၄ နှစ်အရွယ်ဦးရေ | ၁၄.၁% (ကျား ၃,၆၀၃,၉၄၃/မ ၃,၃၂၈,၆၃၄) |
| ၁၅-၂၄ နှစ်အရွယ်ဦးရေ | ၁၃.၅% (ကျား ၃,၅၁၃,၂၇၀/မ ၃,၁၁၃,၂၅၇) |
| ၂၅-၅၄ နှစ်အရွယ်ဦးရေ | ၄၇.၃% (ကျား ၁၁,၈၁၄,၈၇၂/မ ၁၁,၃၆၀,၉၆၂) |
| ၅၅-၆၄ နှစ်အရွယ်ဦးရေ | ၁၂.၄% (ကျား ၃,၀၁၂,၀၅၀/မ ၃,၀၈၁,၄၈၀) |
| ၆၅ နှစ်နှင့်အထက်လူဦးရေ | ၁၂.၃%(ကျား ၂,၅၇၀,၄၃၃/မ ၃,၆၃၉,၀၈၃) (၂၀၁၄ခုနှစ် စစ်တမ်းအရ) |

**မြို့ပြတွင်နေထိုင်မှု**

| | |
|---|---|
| မြို့နေလူဦးရေ | လူဦးရေစုစုပေါင်း၏ ၈၃.၂% (၂၀၁၁) |

**အဓိကမြို့ကြီးများတွင် နေထိုင်သည့်လူဦးရေ**

| | |
|---|---|
| Seoul (မြို့တော်) | ၉.၇၃၆သန်း |
| Busan(Pusan) | ၃.၃၇၂သန်း |
| Incheon (Inch'on) | ၂.၆၂၂သန်း |
| Daegu (Taegu) | ၂.၄၄၇သန်း |
| Daejon (Taejon) | ၁.၅၃၈သန်း |
| Gwangju (Kawangju) | ၁.၅၀၃သန်း (၂၀၁၁) |

**ပျမ်းမျှသက်တမ်း**

| | |
|---|---|
| စုစုပေါင်းလူဦးရေ၏ ပျမ်းမျှသက်တမ်း | ၇၉.၈နှစ် |
| အမျိုးသားများ၏ ပျမ်းမျှသက်တမ်း | ၇၆.၆၇နှစ် |
| အမျိုးသမီးများ၏ ပျမ်းမျှသက်တမ်း | ၈၃.၁၃နှစ်(၂၀၁၄ခုနှစ်စစ်တမ်းအရ) |
| **ကျန်းမာရေးအသုံးစရိတ်** | GDP၏ ၇.၂% (၂၀၁၁) |

**ဘာသာစကား**

၄။ ကိုရီးယားဘာသာစကားသည် Ural- Altic ဘာသာစကားမိသားစုနွယ်ဝင် ဘာသာစကားတစ်ရပ်ဖြစ်ပြီး ယင်းအနွယ်၌ တူရကီစကား၊ မွန်ဂိုလီးယားစကားလည်းပါဝင်ပါသည်။ ကိုရီးယားဝေါဟာရ၌ တရုတ်စကားလုံးများစွာကိုသုံးစွဲပြီး ကိုရီးယားရေးစာ

၌ တရုတ်စုတ်ချက်စကား (Ideograph) များစွာကို ထည့်သွင်းရေးသားသော်လည်း သဒ္ဒါရှုထောင့်မှကြည့်မည်ဆိုပါက တရုတ်ဘာသာစကားနှင့်လုံးဝမတူသော ဘာသာစကား တစ်ရပ်ဖြစ်ပါသည်။ ဘာသာဗေဒပညာရှုထောင့်အရဆိုလျှင် ကိုရီးယားစကားသည် ဂျပန် ဘာသာစကားနှင့် နီးစပ်ပါသည်။

**ဘာသာရေး**

၅။ ကိုရီးယားနိုင်ငံသားတို့မှာ ဘာသာကြီးလေးရပ်တို့၏ ဩဝါဒကိုခံယူခဲ့သဖြင့် ယင်း ဘာသာကြီးလေးရပ်ဖြစ်သော ဗုဒ္ဓဘာသာ၊ ကွန်ဖူးရှပ်ဒဿနဘာသာ၊ ခရစ်ယာန်ဘာသာ နှင့် ရိုးရာနတ်ဘာသာတို့ကို ကိုးကွယ်သူများစွာရှိပါသည်။ ကိုရီးယားလူမျိုးတို့မှာ ဘာသာ တစ်ခုမက ကိုးကွယ်သူများစွာလည်းရှိပါသည်။

**ကိုးကွယ်သည့်ဘာသာ**

| | |
|---|---|
| ခရစ်ယာန်ဘာသာကိုးကွယ်သူ | ၃၁.၆% (Protestant ၂၄%၊ Roman Catholic ၇.၆ %) |
| ဗုဒ္ဓဘာသာကိုးကွယ်သူ | ၂၄.၂% |
| ဘာသာမဲ့ | ၄၃.၃% (၂၀၁၀စစ်တမ်းအရ) |
| အခြားဘာသာကိုးကွယ်သူ | ၀.၉% |

**စားသောက်ဖွယ်ရာများ**

၆။ ထမင်းသည် ကိုရီးယားအစားအစာတွင် အဓိကအရေးပါသောအရာဖြစ်သည်။ ပြီးပြည့်စုံသော အစားအစာတစ်နပ်စာတွင် ထမင်း၊ ဟင်းချိုရည်၊ တစ်ခါတစ်ရံတွင် ဝက်သား (သို့) ကြက်သား၊ ဘဲသားများပါဝင်သော အဓိက အသားဟင်းတစ်ခွက်နှင့် အမျိုးမျိုးသော အရံဟင်းများပါဝင်ပါသည်။ အဓိကအရံဟင်း အုပ်စုဖြစ်သော ကင်မ်ချီတွင် ကြက်သွန်ဖြူ၊ ငရုတ်ကောင်း၊ ဂျင်း စသည့်ဟင်းခတ်အမွှေးအကြိုင်တို့ဖြင့် အချဉ်ဖောက် ထားသော ဟင်းသီးဟင်းရွက်အမျိုးမျိုး (ဂေါ်ဖီထုပ်၊ မုန်လာဥနှင့် အမျိုးမျိုးသော သစ်မြစ် သစ်ဖု) တို့ပါဝင်ပါသည်။ ကိုရီးယားတွင် ဆန်အရက်အမျိုးအစားများစွာကို ထုတ်လုပ် ပါသည်။ အဓိကအားဖြင့် ဆိုဂျူဆန်အရက်ဖြစ်ပါသည်။ ယနေ့ခေတ်တွင် ကိုရီးယား လူမျိုးအများအပြားသည် အနောက်တိုင်း၊ ဂျပန်နှင့်တရုတ်အစားအစာတို့ကို ပိုမိုစားသုံး လာကြပြီး လူငယ်များအကြားတွင် ပီဇာအား ကင်မ်ချီထက်ပို၍ လူကြိုက်များနေပါသည်။

**အဝတ်အစား**

၇။ ကိုရီးယားလူမျိုးအများစုသည် အနောက်တိုင်းအဝတ်အစားဖြစ်သော အနောက်တိုင်းဝတ်စုံနှင့် ဂျင်းဘောင်းဘီတို့ကို ပို၍ကြိုက်နှစ်သက်ကြသော်လည်း အထိမ်းအမှတ်အားလပ်ရက်များတွင် အမျိုးသားဝတ်စုံဖြစ်သော Hanbok ကိုသာ ဝတ်ဆင်ကြသည်။ အစဉ်အလာအားဖြင့် ကိုရီးယားလူမျိုးများသည် အဖြူရောင်အဝတ်အစားများကို ဝတ်ဆင်လေ့ရှိကြသည်။ ၎င်းအရောင်သည် အထက်တန်းအလွှာတို့အတွက် သီးသန့်အရောင်ဖြစ်ပြီး ပွဲတော်အချိန်အခါများတွင် ဝတ်ဆင်လေ့ရှိကြသည်။ ရာဘာဖိနပ်များနှင့် ကြိုးသိုင်းဖိနပ်များအစား ခေတ်မီရှူးဖိနပ်များနှင့် အားကစားဖိနပ်များအား အစားထိုးဝတ်ဆင်လာကြသည်။ သို့သော် ထိုရှူးဖိနပ်များ ကိုလည်း အိမ်တစ်အိမ်သို့ ဝင်သောအခါတွင်လည်းကောင်း၊ ဖိနပ်စီးရန် ခွင့်မပြုသောနေရာများ တွင်လည်းကောင်း ချွတ်ထားကြရသည်။ အခါကြီးရက်ကြီးများနှင့် ပွဲတော်အချိန်အခါများတွင် ရိုးရာအဝတ်အစားများကို အလေးထားဝတ်ဆင်ကြပါသည်။

**ပညာရေး**

၈။ ကိုရီးယားယဉ်ကျေးမှုတွင် ပညာရေးသည် ဘဝအောင်မြင်ရေးအတွက်အဓိကသော့ချက်ပင်ဖြစ်သည်။ ကျောင်းသားတစ်ဦးအတွက် ၎င်းဘွဲ့ရခဲ့သည့်ကျောင်းမှ ၎င်းအားအောင်မြင်မည့်သူ၊ သို့မဟုတ် ရှုံးနိမ့်သူဖြစ်မည်ဆိုသည်ကို ဆုံးဖြတ်ပေးနိုင်ပါသည်။ ကိုရီးယားလူမျိုးမိဘများအဖို့ ၎င်းတို့ကလေးများ၏ ပညာရေးသည် အခြားသောအရာများထက် ပို၍အရေးပါပါသည်။ မိဘများသည် ၎င်းတို့ကလေးများအား ဖြစ်နိုင်သမျှ အကောင်းဆုံးပညာရေးရရှိရန်ကြီးမားသောအနစ်နာခံပေးဆပ်မှုများ ပြုလုပ်ကြပါသည်။

၉။ ကိုရီးယားပညာရေးစနစ်သည် မူလတန်းတွင် (၆) နှစ်၊ အလယ်တန်းတွင် (၃) နှစ်နှင့် အထက်တန်းတွင် (၃)နှစ် ဖြစ်ပါသည်။ အစိုးရစစ်စာမေးပွဲကို အောင်မြင်ပြီးသူများသည် ကောလိပ် (သို့) တက္ကသိုလ်တွင် (၄) နှစ် တက်ရောက်ပညာသင်ကြားကြပါသည်။ ကျန်သောသူများမှာ အလုပ်ခွင်သို့ဝင်ရောက်နေကြစဉ်တွင် အချို့မှာ (၂) နှစ်သာ တက်ရောက်ရသော အငယ်တန်းကောလိပ်များသို့ တက်ရောက်ကြရပါသည်။ မကြာသေးမီကာလထိတိုင် အလယ်တန်းနှင့်အထက်တန်းကျောင်းအများစုသည် ကျား/မ ခွဲခြားဖွင့်လှစ်ထားပါသည်။ သို့သော်လည်း ယောကျ်ားလေးနှင့် မိန်းကလေးကျောင်းများအကြားတွင် ပညာရေးအဆင့်အတန်းကွဲပြားမှုများ၊ နောက်ပိုင်း ဘဝတွင် လူမှုရေးပြဿနာများပေါ်ပေါက်လာမှုများ စသည့်တိုင်ကြားမှုများကြောင့် ကျောင်းအများစုမှာ ယောကျ်ားလေးနှင့် မိန်းကလေးများ အတူတူတက်ရောက်သင်ကြားရသော ကျောင်းများဖြစ်လာပါသည်။ ကမ္ဘာ့နိုင်ငံကြီး ၃၇ နိုင်ငံအနက် ကိုရီးယားလူငယ်ထုမှာ ပညာတတ်မြောက်မှုအဆင့်အမြင့်ဆုံးဖြစ်ပါသည်။

## သမိုင်းအကျဉ်းချုပ်

၁၀။ ရိုးရာဒဏ္ဍာရီအယူအဆအရ ကိုရီးယားနိုင်ငံမှာနှစ်ပေါင်း ၅၀၀၀ သမိုင်းရှိသည်ဟု ဆိုသော်လည်း သက်သေအထောက်အထားပြ၍ရသောသမိုင်းအရ ကိုရီးယားနိုင်ငံ၏ သမိုင်းကို အောက်ဖော်ပြပါ ခေတ် ၅ ခေတ်ဖြင့် ခွဲခြားနိုင်ပါသည်-

(က) ၃ နိုင်ငံခေတ် (ဘီစီ ၅၇-အေဒီ ၆၆၈)

(ခ) ဆီလာမင်းဆက်ခေတ် (၆၆၈-၉၃၅)

(ဂ) ဂိုရီယိုခေတ် (၉၁၈- ၁၃၉၂)

(ဃ) ချိုဆွန်ခေတ် (၁၃၉၂-၁၉၁၀)

(င) ဂျပန်ကိုလိုနီခေတ် (၁၉၁၀-၁၉၄၅)

(စ) ကိုရီးယားသမ္မတနိုင်ငံခေတ် (၁၉၄၅- ယနေ့အထိ)

## ပြက္ခဒိန်

၁၁။ အာရှနိုင်ငံပေါင်းများစွာနည်းတူပင် ကိုရီးယားနိုင်ငံသည် နေကိုအခြေခံသည့် အပြည်ပြည်ဆိုင်ရာပြက္ခဒိန်နှင့် လကိုအခြေခံသည့် ရိုးရာပြက္ခဒိန် နှစ်မျိုးစလုံးကိုသုံး ပါသည်။ ရုံးပိတ်ရက်များကို တွက်ချက်ရာတွင် ပြက္ခဒိန်နှစ်မျိုးစလုံးကိုသုံးပါသည်။ ဂျပန် နိုင်ငံနှင့် အချိန်တစ်ချိန်တည်းရှိ၍ (GMT+ 9) ရှိပြီး မြန်မာနိုင်ငံနှင့် အချိန် ၂ နာရီ မိနစ် ၃၀ ပိုမိုနောက်ကျပါသည်။ ကိုရီးယားလူမျိုးတို့သည် တစ်ပတ်လျှင် ငါးရက်ခွဲ (တနင်္လာ မှ သောကြာအထိ အချိန်ပြည့်နှင့် စနေနေ့တွင် နေ့တစ်ဝက်) အလုပ်လုပ်ပြီး ရုံးချိန်မှာ တနင်္လာမှ သောကြာအထိ နံနက် ၉ နာရီမှ ညနေ ၆နာရီအထိ ရှိပြီး စနေနေ့တွင် ၉ နာရီမှ ၁ နာရီအထိရှိပါသည်။ အထင်ရှားဆုံး ရုံးပိတ်ရက်များမှာ ရိုးရာနှစ်သစ်ကူးရက် (၃) ရက် ပိတ်နှင့် ကောက်ရိတ်သိမ်းပွဲတော်ရက် (၃) ရက်ပိတ်တို့ဖြစ်ပြီး ယင်းအချိန်တွင် တစ်နိုင်ငံလုံး (အစိုးရနှင့် ပုဂ္ဂလိကအပါအဝင်) ရုံးပိတ်ပါသည်။

## နိုင်ငံတော်အလံ

၁၂။ နိုင်ငံတော်အလံကို **တေဂွတ်ကီ** ဟူ၍ ခေါ်ပါသည်။ ၁၈၇၂ ခုနှစ်တွင် ဂျပန်စစ်အလံ ရွက်လွှင့်ထားသော စစ်သင်္ဘောတစ်စင်းကို မည်သည့်အလံမှမပါသော ကိုရီးယားသင်္ဘော တစ်စင်းနှင့် ထိပ်တိုက်တွေ့ခဲ့သည့်အချိန်မှစပြီး နိုင်ငံ၏နယ်နိမိတ်ပြအမှတ်သင်္ကေတ အဖြစ် ကိုရီးယားအလံတစ်ရပ်ကို တီထွင်ရန်လိုအပ်ကြောင်းကို ကိုရီးယားသမ္မတမှ နားလည် သဘောပေါက်လာခဲ့ပါသည်။ ၁၈၈၂ ခုနှစ်တွင် ပထမဦးဆုံးသော ကိုရီးယားအလံဒီဇိုင်းကို ထုတ်ပြန်ခဲ့ပါသည်။ ဂျပန်ခေတ်၌ ယင်းအလံမလွှင့်ရန် ပိတ်ပင်ထားခဲ့သော်လည်း ၁၉၄၈ ခုနှစ်၌ ယနေ့တိုင်သုံးစွဲနေသော ကိုရီးယားအလံဒီဇိုင်းအား တီထွင်နိုင်ခဲ့ပါသည်။ **တေဂွတ်ကီ** သည် ကိုရီးယားရိုးရာဒဿနဖြစ်သော **ယင် (အမဓာတ်) နှင့် ယမ် (အဖိုဓာတ်)** တို့ကို

ဖော်ပြသကဲ့သို့ အရပ် ၅ မျက်နှာကိုလည်းဖော်ပြပါသည်။ ဗဟိုစက်ဝိုင်းတွင် အနီရောင်အပိုင်းသည် **ယမ်** ကို ကိုယ်စားပြုပြီး အပြာရောင်အပိုင်းသည် **ယင်** ကို ကိုယ်စားပြုပါသည်။ အဆိုပါ **ယင်- ယမ်** စက်ဝိုင်းသည် ရှေးခေတ်ကတည်းကပင် တည်ရှိခဲ့သည့် ဒဿနနိမိတ်ပြဒိဗိုင်းဖြစ်ပြီး လူသားတစ်ဦး၏ ဘဝနှင့်စိတ်ဓာတ်တွင် သဟဇာတရှိမှုနှင့် ဘက်ညီအချိုးကျမှုကို နိမိတ်ပြပါသည်။ ထောင့် ၄ ထောင့်တွင်ရှိသော အတုံးများမှာလည်း ဝိယောဓိသဘောနှင့် သဟဇာတသဘော နှစ်ရပ်စလုံးကို လည်း ဖော်ပြပါသည်။ အပေါ်ဘယ်ဘက်ထောင့်တွင် ရှိသည့်အတုံးများမှာ ကောင်းကင်၊ နွေဦး၊ အရှေ့အရပ် နှင့် လောကနီတိသိမ်မွေ့မှုကို ကိုယ်စားပြုပါသည်။ အပေါ်ညာဘက်ထောင့်သည် လမင်း၊ ဆောင်းရာသီ၊ မြောက်ဘက်အရပ်နှင့်ပညာကို ကိုယ်စားပြုပါသည်။ ဘယ်ဘက်အောင့်ထောင့်အတုံးများမှာ နေ၊ ဆောင်းဦး၊ တောင်ဘက်နှင့် ယဉ်ကျေးမှုကို ကိုယ်စားပြုပြီး ညာဘက်အောက်ထောင့်အတုံးများမှာ ကမ္ဘာ၊ နွေ၊ အနောက်ဘက်နှင့် တရားမျှတမှုကို ကိုယ်စားပြုပါသည်။

## အိမ်ရာ

၁၃။ ရိုးရာဗိသုကာအိမ်ရာအရ ကိုရီးယားအိမ်များ၏အမိုးများကို ကောက်ရိုး (သို့မဟုတ်) အုပ်ကြွပ်ပြားဖြင့် တည်ဆောက်ထားသော်လည်း ယခုခေတ်၌ မြို့ကြီးနှင့်ရွာများ၌ပင် ပုံစံတူအိမ်နှင့်တိုက်များဖြင့် တည်ဆောက်ထားသည်ကို တွေ့ရှိရပါသည်။ ယခင်၌ တစ်အိမ်တည်း၊ တစ်မိုးတည်းအောက်တွင် အဖေ၊ အမေ၊ အဖိုး၊ အဖွား၊ မြေး၊ မြစ် မိသားစုသုံးဆက်နေခဲ့သည့်ထုံးစံရှိသော်လည်း ယခုခေတ်၌ မိသားစုတစ်စုလျှင် တစ်အိမ်စီနေလေ့နေထရှိသည့်အတွက် အိမ်ဝယ်လိုအားမှာ အိမ်ဆောက်နိုင်အားထက် များစွာပိုများလာပါသည်။ ထို့ကြောင့် မြို့ကြီးများတွင် အိမ်ဈေးတစ်ရိပ်ရိပ် တက်လျက်ရှိပါသည်။ ရိုးရာကိုရီးယားအိမ်များသည် ဆောင်းရာသီ အနွေးဓာတ်ပေးသည့်စနစ်ဖြစ်သော **(အွန်ဒိုစနစ်)** ကို ယနေ့တိုင်သုံးစွဲလျက်ရှိပါသည်။ အွန်ဒိုစနစ်ဆိုသည်မှာ ကျောက်တုံးများအားအပူပေးပြီး ယင်းကျောက်တုံးပူများကို ကြမ်းခင်းအောက်တွင် ထားသိုသောစနစ်ဖြစ်ပါသည်။

## ငွေကြေးနှင့် စီးပွားရေး

၁၄။ ကိုရီးယားငွေကြေးမှာ ဝမ်ငွေ ဖြစ်ပါသည်။ အချို့ကမ္ဘာလှည့်ခရီးသည်ပေါများသည့်နေရာများတွင် အမေရိကန်ဒေါ်လာ (သို့မဟုတ်) ဂျပန်ယမ်းငွေကို ဈေးဆိုင်များမှ လက်ခံတတ်သော်လည်း ငွေလဲနှုန်းမှာ ဘဏ်လဲနှုန်းထက် ပိုမိုမြင့်မားလေ့ရှိပါသည်။ ဘဏ်အများစုနှင့် ဟိုတယ်အများစုတို့မှာ ငွေလဲပေးနိုင်မည်ဖြစ်ပြီး ခရီးသွားချက်လက်မှတ်များကိုလည်း လဲပေးနိုင်ပါသည်။ အပြည်ပြည်ဆိုင်ရာ အကြွေးကဒ်များကို ဘဏ်များစွာနှင့် မြေအောက်ရထားရိုစက်များစွာတို့မှ လက်ခံပါသည်။ ဆိုးလ်မြို့တော်၌ အပြည်ပြည်ဆိုင်ရာဘဏ်များစွာတို့၏ ဘဏ်ခွဲများရှိပြီး အချို့ဘဏ်များမှာ ဘူဆန်မြို့တွင်ပင် ဘဏ်ခွဲများရှိပါသည်။

**ငွေလဲလှယ်နှုန်းထားများ**

| | |
|---|---|
| အမေရိကန် ၁ ဒေါ်လာလျှင် | ၁,၁၀၇.၃ (၂၀၁၃) |
| တောင်ကိုရီးယားဝမ် လဲလှယ်နှုန်း | ၁,၁၂၆.၄၇(၂၀၁၂) |
| | ၁,၁၅၆.၁ (၂၀၁၀) |
| **ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုး** | အမေရိကန် ဒေါ်လာ ၁.၆၆၆ ထရီလီယံ (၂၀၁၃) |
| **GDP** | ကမ္ဘာ့အဆင့် ၁၃ |
| **GDP တိုးတက်မှုနှုန်း** | ၂.၈ %(၂၀၁၃) |
| **GDP အချိုးအစား (သုံးစွဲမှုအလိုက်)** | မိသားစုအလိုက်သုံးစွဲမှု၅၃.၁% |
| | အစိုးရ၏သုံးစွဲမှု ၁၅.၉% |
| | ငွေလုံးငွေရင်းရင်းနှီးမြှုပ်နှံမှု ၂၇% |
| | ကုန်ပစ္စည်းအပေါ်ရင်းနှီးမြှုပ်နှံမှု ၀.၃% |
| | ပို့ကုန်နှင့်ဝန်ဆောင်မှုလုပ်ငန်းများ ၅၄.၆% |
| | သွင်းကုန်နှင့်ဝန်တောင်မှုလုပ်ငန်းများ ၅၀.၈% |
| **GDPအချိုးအစား(အခန်းကဏ္ဍအလိုက်)** | စိုက်ပျိုးရေး ၂.၆% |
| | စက်မှုလုပ်ငန်း ၃၉.၂ % |
| | ဝန်ဆောင်မှုလုပ်ငန်းများ၅၈.၂% (၂၀၁၃) |

**စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များ**

ဆန်၊ ကောက်ပဲသီးနှံ၊ ဘာလီ၊ ဟင်းသီးဟင်းရွက်၊ အသီးအနှံ၊ နွား၊ ဝက်၊ ကြက်၊ နို့၊ ဥ၊ ငါး

| | |
|---|---|
| **စက်မှုထုတ်ကုန်တိုးတက်မှုနှုန်း** | ၂.၅% (၂၀၁၃) |
| **လုပ်သားအရေအတွက်** | ၂၅.၈၆သန်း(၂၀၁၃) |
| **ကဏ္ဍအလိုက် လုပ်သားအချိုး** | စိုက်ပျိုးရေး၆.၉% |
| | စက်မှုလုပ်ငန်း၂၃.၆% |
| | ဝန်ဆောင်မှု လုပ်ငန်းများ၆၉.၄% (၂၀၁၃ အောက်တိုဘာ) |
| **အလုပ်လက်မဲ့ရာခိုင်နှုန်း** | ၃.၂% (၂၀၁၃) |
| **ဆင်းရဲနွမ်းပါးမှု ရာခိုင်နှုန်း** | ၁၆% (၂၀၀၉) |
| **မိသားစုအလိုက်ဝင်ငွေရာခိုင်နှုန်း** | အနိမ့်ဆုံး၁၀%: ၆.၄% |
| | အမြင့်ဆုံး၁၀%: ၃၇.၇% (၂၀၁၁) |

| | |
|---|---|
| **ဘတ်ဂျက်** | |
| ဝင်ငွေ | အမေရိကန်ဒေါ်လာ ၂၉၆.၁ ဘီလီယံ |
| အသုံးစရိတ် | အမေရိကန်ဒေါ်လာ ၂၈၇.၂ဘီလီယံ |
| | |
| **အခွန်နှင့် အခြားဝင်ငွေများ** | |
| **GDP ၏ အကြွေးများ** | ၂၄.၇%(၂၀၁၃)(ကမ္ဘာ့အဆင့်၁၃၃) |
| | GDP၏ ၃၅.၈% (၂၀၁၃ခုနှစ်) |
| | GDP၏ ၃၅.၅% (၂၀၁၂ခုနှစ်) |
| | (ကမ္ဘာ့အဆင့် ၁၀၆) |
| **ငွေကြေးဖောင်းပွမှုနှုန်း** | ၁.၁% (၂၀၁၃)(ကမ္ဘာ့အဆင့် ၃၀) |
| **ရှယ်ယာများ၏ဈေးကွက်တန်ဖိုး** | အမေရိကန်ဒေါ်လာ ၁.၀၆၈ထရီလီယံ |
| | (၂၀၁၃ခုနှစ် ဒီဇင်ဘာ ၃၁) |
| | (ကမ္ဘာ့အဆင့် ၁၁) |
| **ပို့ကုန်တန်ဖိုး** | အမေရိကန်ဒေါ်လာ ၅၅၇.၃ဘီလီယံ(၂၀၁၃) |
| **ကုန်သွယ်ဖက်နိုင်ငံများ** | တရုတ်၂၄.၅% |
| | အမေရိကန် ၁၀.၇% |
| | ဂျပန် ၇.၁ % |
| | ဟောင်ကောင်၆% |
| | စင်ကာပူ ၄.၂%(၂၀၁၂ခုနှစ်) |
| **သွင်းကုန်တန်ဖိုး** | အမေရိကန်ဒေါ်လာ ၅၁၆.၆ဘီလီယံ |
| | (ကမ္ဘာ့အဆင့် ၉)(၂၀၁၃) |
| **သွင်းကုန် ကုန်သွယ်ဖက်နိုင်ငံများ** | တရုတ်၁၅.၆% |
| | ဂျပန် ၁၂.၄% |
| | အမေရိကန် ၈.၃% |
| | ဆော်ဒီအာရေဗျ ၇.၆% |
| | ကာတာ ၄.၉% |
| | ဩစတြေးလျ ၄.၄% (၂၀၁၁ ခုနှစ်) |
| **အရံရွှေနှင့် နိုင်ငံခြားငွေတန်ဖိုး** | အမေရိကန်ဒေါ်လာ ၃၄၁.၈ ဘီလီယံ |
| | (၂၀၁၃ခုနှစ် ဒီဇင်ဘာ ၃၁) (ကမ္ဘာ့အဆင့် ၉) |
| **တိုက်ရိုက်ပြည်ပ ရင်းနှီးမြှုပ်နှံမှုတန်ဖိုး** | အမေရိကန်ဒေါ်လာ ၂၂၃.၂ ဘီလီယံ |
| | (၂၀၁၃ခုနှစ် ဒီဇင်ဘာ ၃၁) (ကမ္ဘာ့အဆင့် ၂၃) |

**တောင်ကိုရီးယားနိုင်ငံ အမျိုးသားလွှတ်တော် (National Assembly)**

၁၅။ တောင်ကိုရီးယားနိုင်ငံသည် ၁၉၄၅ ခုနှစ်၊ ဩဂုတ်လ ၈ ရက်နေ့တွင် အမျိုးသားလွတ်လပ်ရေးကိုရရှိခဲ့သည်။ ၁၉၄၇ ခုနှစ်၊ ဒီဇင်ဘာ ၁၂ ရက်နေ့တွင် တောင်ကိုရီးယားနိုင်ငံ၏ ဥပဒေပြုကောင်စီတစ်ခုဖြစ်သော South Chosun Provisional Legislative Council မှ လွတ်လပ်သော နိုင်ငံတစ်နိုင်ငံ၏ အခြေခံအုတ်မြစ်ဖြစ်သော အမျိုးသားလွှတ်တော်ရွေးကောက်ပွဲ ဥပဒေကိုရေးဆွဲရန် အစည်းအဝေးပြုလုပ်ခဲ့သည်။ ၁၉၄၈ခုနှစ်၊ မေလ ၃၁ ရက်နေ့တွင် ဆိုးလ်မြို့ရှိ မြို့တော်ခန်းမတွင် ဥပဒေပြုလွှတ်တော်ကို စတင်ကျင်းပခဲ့သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ လွှတ်တော်တစ်ရပ်သည် ကိုယ်စားလှယ်ဦးရေအနည်းဆုံး ၂၀၀ ဦးပါဝင်ရမည်။ ၁၉၈၈ခုနှစ်၊ ဧပြီလတွင်ကျင်းပသော အထွေထွေရွေးကောက်ပွဲ၌ ကိုယ်စားလှယ်ဦးရေ ၂၉၉ ဦးရေရှိပြီး မဲဆန္ဒနယ်တစ်ခုစီမှ တိုက်ရိုက်တင်မြှောက်ထားသူ ၂၂၄ဦးနှင့် နိုင်ငံရေးပါတီအသီးသီးမှ အချိုးကျကိုယ်စားပြုစနစ်ဖြင့် ရွေးကောက်တင်မြှောက်ထားသူ ၇၅ ဦးရှိခဲ့ပါသည်။ ၂၀၁၂ ခုနှစ်၊ ဧပြီလ ၁၁ ရက်နေ့တွင် ကျင်းပခဲ့သော ရွေးကောက်ပွဲအပြီးတွင် ရွေးကောက်ပွဲဥပဒေအရ ယခင်ကိုယ်စားလှယ်ဦးရေ ၂၉၉ ဦးမှ ၃၀၀ ဦးအထိ ပြင်ဆင်သတ်မှတ်ခဲ့သည်။

၁၆။ တောင်ကိုရီးယားနိုင်ငံလွှတ်တော်သည် တောင်ကိုရီးယားနိုင်ငံ၊ ဆိုးလ်မြို့တွင် တည်ရှိပြီး လွှတ်တော်တစ်ရပ်သာရှိ၍ National Assembly ဟုခေါ်သည်။ ၂၀၁၆ခုနှစ် အထွေထွေရွေးကောက်ပွဲပြီးနောက် တိုက်ရိုက်ရွေးကောက်တင်မြှောက်သော လွှတ်တော်ကိုယ်စားလှယ် ၂၅၃ ဦးနှင့် အချိုးကျကိုယ်စားပြုစနစ်ဖြင့်တင်မြှောက်သော လွှတ်တော်ကိုယ်စားလှယ် ၄၇ ဦး စုစုပေါင်း ကိုယ်စားလှယ် ၃၀၀ ဦးဖြင့် လွှတ်တော်ကိုဖွဲ့စည်းထားသည်။ လွှတ်တော်၏သက်တမ်းမှာ ၄ နှစ်ဖြစ်ပြီး လက်ရှိလွှတ်တော်ဥက္ကဋ္ဌမှာ Mr. Chung Sye- Kyun ဖြစ်သည်။

၁၇။ အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ် ၅၁ ဦးပါဝင်ပြီး ၁၇ ရာခိုင်နှုန်းခန့်ရှိသည်။ တောင်ကိုရီးယားအမျိုးသားလွှတ်တော်တွင် ပါဝင်သောပါတီများနှင့် ပါတီများ၏ ကိုယ်စားလှယ်ပါဝင်မှုအရေအတွက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| No | Political Party | Numbers |
|---|---|---|
| 1 | Minjoo Party of Korea | 123 |
| 2 | Saenuri Party | 122 |
| 3 | People's Party | 38 |
| 4 | Independents | 11 |
| 5 | Justice Party | 6 |
| Total | | 300 |

၁၈။ လွှတ်တော်ကိုယ်စားလှယ်များကို ရွေးကောက်တင်မြှောက်ရာတွင် အသက် ၁၉ နှစ်ပြည့်သူ တောင်ကိုရီးယားနိုင်ငံသားတိုင်းသည် ဆန္ဒမဲပေးပိုင်ခွင့်ရှိပြီး အသက် ၂၅ နှစ်ပြည့်ပြီးသော နိုင်ငံသားတိုင်းသည် ဥပဒေနှင့်အညီရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရှိသည်။ ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်လောင်းများသည် တောင်ကိုရီးယားနိုင်ငံတွင် အနည်းဆုံး ၅ နှစ်နေထိုင်သူဖြစ်ရမည်။

**တောင်ကိုရီးယားနိုင်ငံ၏ ဥပဒေပြုပုံအဆင်ဆင့်**

၁၉။ ဥပဒေကြမ်းများကိုပုံမှန်အားဖြင့် ဗဟိုအုပ်ချုပ်ရေးအဖွဲ့အစည်းမှရေးဆွဲရပြီး ယင်းဥပဒေကြမ်းများသည် ဝန်ကြီးဌာန ၂ ခုထက်ပို၍သက်ဆိုင်နေပါ က သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်း၍ရေးဆွဲရပါမည်။ ဥပဒေကြမ်းရေးဆွဲပြီးသည့်နောက်တွင် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် အသေးစိတ်ဆွေးနွေးရပါမည်။ လိုအပ်လျှင် ယင်းဥပဒေကြမ်းကို အစိုးရအဖွဲ့အာဏာရပါတီနှင့် အတိုက်အခံပါတီများအကြား ပေါင်းစပ်ညှိနှိုင်းမှုပြုလုပ်ရပါမည်။

၂၀။ ပြည်သူလူထု၏သုံးသပ်ချက်များကို ရယူနိုင်ရန် ယင်းဥပဒေကြမ်းကို ရက်ပေါင်း၂၀ ထက်မနည်း ကြိုတင်၍ ဖြန့်ဝေရပါမည်။ အကယ်၍ ပြည်သူလူထုထံမှ သုံးသပ်ချက်များရှိလျှင် ၎င်းတို့၏အမြင်များကို ထည့်သွင်းစဉ်းစားရမည်ဖြစ်ပါသည်။ သို့ရာတွင် အချို့သော အထူးဥပဒေများ၊ နည်းဥပဒေများနှင့်ပတ်သက်၍ ကြိုတင်ဖြန့်ဝေခြင်း ပြုလုပ်ရန်မလိုပါ။ ဥပဒေကြမ်းတွင် ပြည်သူလူထု၏ အခွင့်အရေးများကို ကန့်သတ်ထားခြင်း၊ အစိုးရ သို့မဟုတ် ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းများမှ ၎င်းတို့၏အခွင့်အာဏာများကို အသုံးပြု၍ နိုင်ငံသားများ၏ရပိုင်ခွင့်များကို ကန့်သတ်ရေးဆွဲထားခြင်း ရှိ/မရှိကို စည်းမျဉ်းများပြုပြင်ရေးကော်မတီ (Regulatory Reform Committee) မှ စစ်ဆေးရပါမည်။

၂၁။ ထို့နောက် ဥပဒေပြုရေးဝန်ကြီးဌာနသည် ဥပဒေစကားရပ်ဆိုင်ရာဝေါဟာရများနှင့် အချက်အလက်များကို အသေးစိတ်စစ်ဆေးရပါမည်။ ထို့ပြင် ၎င်းဝေါဟာရအသုံးအနှုန်းများသည် နိုင်ငံတော်၏မျှော်မှန်းချက် ကိစ္စရပ်များနှင့် ကိုက်ညီမှု ရှိ/မရှိ၊ လက်တွေ့လုပ်ဆောင်နိုင်သည့်အနေအထား ရှိ/မရှိ၊ အထူးအက်ဥပဒေများ၊ နည်းဥပဒေများနှင့် လိုက်လျောညီထွေမှုရှိ/မရှိ စစ်ဆေးရပါမည်။ ဥပဒေကြမ်း၏ အဓိကအချက်များကို နိုင်ငံတော်ကောင်စီအစည်းအဝေးတွင် ဆွေးနွေးနိုင်ရန် ဒုတိယဝန်ကြီးအစည်းအဝေးတွင် ကြိုတင်ဆွေးနွေးရပါမည်။ သို့သော် အရေးပေါ်အခြေအနေတွင် မည်သည့်ဥပဒေကြမ်းမဆို ဒုတိယဝန်ကြီးအစည်းအဝေးတွင် မဆွေးနွေးဘဲ နိုင်ငံတော်ကောင်စီ အစည်းအဝေးတွင် တိုက်ရိုက်ဆွေးနွေးပါသည်။

၂၂။ ဥပဒေကြမ်းများကို ဆွေးနွေးရန် အမြင့်ဆုံးနေရာတစ်ခုဖြစ်သော နိုင်ငံတော်ကောင်စီသည် မူဝါဒချမှတ်ရေးတွင် အမြင့်ဆုံးဖြစ်သည်နှင့်အညီ ဝန်ကြီးဌာနများ၏ ဥပဒေပြုရခြင်း အကြောင်းနှင့်ပတ်သတ်သော ကိစ္စရပ်များကို ကြားနာ၍ ရှင်းလင်းဆုံးဖြတ်ပေးပါသည်။ နိုင်ငံတော်ကောင်စီမှ သုံးသပ်ပြီးသောဥပဒေကြမ်းများနှင့် ဥပဒေကဲ့သို့အာဏာတည်သောအမိန့်များသည် ဝန်ကြီးချုပ်နှင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ လက်မှတ်ရေးထိုးပြီးနောက်တွင် သမ္မတ၏လက်မှတ်လိုအပ်ပါသည်။ သမ္မတလက်မှတ်ရေးထိုးပြီးနောက်တွင် ဥပဒေပြုရေးဝန်ကြီးဌာနအဖွဲ့က ဥပဒေကြမ်းကို လွှတ်တော်သို့ချက်ချင်းတင်သွင်းရပါသည်။ လွှတ်တော်သို့ ရောက်ရှိပြီးနောက် ဥက္ကဋ္ဌသည် ဥပဒေကြမ်းကို လွှတ်တော်သို့တင်သွင်းရပါသည်။ ထို့နောက် သက်ဆိုင်ရာကော်မတီများသို့ လွှဲပြောင်းပေးရပါသည်။ သက်ဆိုင်ရာကော်မတီမှ သုံးသပ်ဆွေးနွေးပြီးနောက် လွှတ်တော်အတွင်းဆွေးနွေးရန် လွှတ်တော်အစီအစဉ်တွင် ထည့်သွင်းရပါသည်။ လိုအပ်လျှင် ကော်မတီခွဲများဖြင့်လည်း ခွဲ၍ ဆွေးနွေးလေ့ရှိပါသည်။

၂၃။ အရေးကြီးသည့် ဥပဒေကြမ်းများနှင့်ပတ်သက်၍ လွှတ်တော်ကိုယ်စားလှယ်များအားလုံးပါဝင်သောကော်မတီက စစ်ဆေးပါသည်။ ဥပဒေကြမ်းကို စစ်ဆေးပြီးလျှင် ဥပဒေဆိုင်ရာ စကားရပ်များကိုစစ်ဆေးရန် ဥပဒေပြုရေးနှင့်တရားစီရင်ရေးကော်မတီသို့ လွှဲပြောင်းပေးရပါသည်။ ထို့နောက် ယင်းဥပဒေကြမ်းကို လွှတ်တော်အတွင်းအစည်းအဝေးတွင် ဆွေးနွေးဆုံးဖြတ်ရပါသည်။ ဥပဒေပြုရေးဝန်ကြီးဌာနသည် လွှတ်တော်အတွင်း အစည်းအဝေးတွင် ဆွေးနွေးဆုံးဖြတ်ရပါသည်။ ဥပဒေပြုရေးဝန်ကြီးဌာနသည် လွှတ်တော်ကဆုံးဖြတ်လိုက်သော ဥပဒေကြမ်းကြေညာချက်မူကြမ်းကို ပြင်ဆင်ရမည်ဖြစ်ပြီး ယင်းမူကြမ်းကို နိုင်ငံတော်ကောင်စီသို့ တင်သွင်းရပါသည်။ အကယ်၍ ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ သဘောထားကွဲလွဲချက်များရှိပါက သမ္မတသည် ယင်းဥပဒေကြမ်းကို အစိုးရအဖွဲ့သို့ ပေးပို့သည့် နေ့မှစ၍ ၁၅ ရက်အတွင်း သဘောထားကွဲလွဲချက်များကို ဆွေးနွေးရန် လွှတ်တော်သို့ ပြန်လည်ပေးပို့ရပါသည်။ နိုင်ငံတော်ကောင်စီက ဆုံးဖြတ်လိုက်သောဥပဒေကြမ်းကို ဝန်ကြီးချုပ်နှင့် သက်ဆိုင်ရာဝန်ကြီးဌာနများ လက်မှတ်ရေးထိုးပြီးသည့်နောက်တွင် နိုင်ငံတော်သမ္မတမှ လက်မှတ်ရေးထိုးရန် လိုအပ်ပါသည်။ ထို့နောက် ယင်းဥပဒေကြမ်းကို အစိုးရပြန်တမ်းတွင် ထည့်သွင်းကြေညာပါသည်။

**အမြဲတမ်းကော်မတီများ**

၂၄။ အမြဲတမ်းကော်မတီများသည် ၎င်းတို့နှင့် သက်ဆိုင်သော ဥပဒေကြမ်းများနှင့် အသနားခံလွှာများ၊ ၎င်းတို့နှင့် ပတ်သက်သော ဥပဒေများတွင် ဖော်ပြထားသည့်ကိစ္စရပ်များနှင့် ပတ်သက်၍ စိစစ်ဆောင်ရွက်ရပါသည်။ အမြဲတမ်းကော်မတီ ၁၆ ခုမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လွှတ်တော်ဦးဆောင်ကော်မတီ (House Steering Committee)၊
(ခ) ဥပဒေပြုရေးနှင့် တရားစီရင်ရေးကော်မတီ (Legislative and Judiciary Committee)၊
(ဂ) အမျိုးသားမူဝါဒဆိုင်ရာကော်မတီ (National Policy Committee)၊
(ဃ) မဟာဗျူဟာနှင့် ဘဏ္ဍာရေးဆိုင်ရာကော်မတီ (Strategy and Finance Committee)၊
(င) သိပ္ပံပညာရပ်၊ သတင်းဆက်သွယ်ရေး၊ အသံလွှင့်ခြင်းနှင့်ဆက်သွယ်ရေး ဆိုင်ရာကော်မတီ (Science, ICT, Broadcasting and Communication Committee)၊
(စ) ပညာရေး၊ ယဉ်ကျေးမှု၊ အားကစားနှင့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း ဆိုင်ရာကော်မတီ (Education, Culture, Sports and Tourism Committee)၊
(ဆ) နိုင်ငံခြားရေးနှင့် ပြန်လည်ပေါင်းစည်းရေးကော်မတီ (Foreign Affairs and Unification Committee)၊
(ဇ) နိုင်ငံတော်ကာကွယ်ရေးကော်မတီ (National Defense Committee)၊
(ဈ) လုံခြုံရေးနှင့် ပြည်သူ့ရေးရာစီမံခန့်ခွဲရေးကော်မတီ (Security and Public Administration Committee)၊
(ည) စိုက်ပျိုးရေး၊ စားနပ်ရိက္ခာ၊ ကျေးလက်ဒေသရေးရာ၊ သမုဒ္ဒရာနှင့် ငါး လုပ်ငန်းကော်မတီ (Agriculture, Food, Rural Affairs, Oceans and Fisheries Committee)၊
(ဋ) ကုန်သွယ်ရေး၊ စက်မှုနှင့် စွမ်းအင်ကော်မတီ (Trade, Industry and Energy Committee)၊
(ဌ) ကျန်းမာရေးနှင့် သက်သာချောင်ချိရေးကော်မတီ (Health and Welfare Committee)၊
(ဍ) သဘာဝပတ်ဝန်းကျင်နှင့် အလုပ်သမားကော်မတီ (Environment and Labor Committee)၊
(ဎ) မြေယာ၊ အခြေခံအဆောက်အဦနှင့် ပို့ဆောင်ရေးကော်မတီ (Land, Infrastructure and Transport Committee)၊
(ဏ) ထောက်လှမ်းရေးကော်မတီ (Intelligence Committee)၊
(တ) ကျား/မ တန်းတူညီမျှမှုနှင့် မိသားစုဆိုင်ရာကော်မတီ (Gender Equality and Family Committee) တို့ဖြစ်ပါသည်။